ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဂျပန်နိုင်ငံ Nippon Foundation အဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် တောင်ဥအထွေထွေ ရောဂါကုဆေးရုံကြီးတို့သို့ သွားရောက်ကြည့်ရှု

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အနောက်မြင်း ပြိုင်ကွင်းလမ်းရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဧည့်ရိပ်သာ၌ ဂျပန်နိုင်ငံမှ လာရောက်သော Nippon Foundation အဖွဲ့မှတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လှူဒါန်းထားသော မော်တော်ယာဉ်များကိစ္စနှင့် ၎င်းမော်တော်ယာဉ်များကို ပြင်ဆင်မည့်ကိစ္စ၊ ထပ်မံ လှူဒါန်းမည့် မော်တော်ယာဉ်များကိစ္စ၊ ထောက်ပံ့ပေးထားသော တိုင်းရင်းဆေးသေတ္တာ များအားဖြန့်ဝေသုံးစွဲခြင်းကိစ္စ၊ Foundation မှ ထောက်ပံ့ပေးထားသော သင်တန်းများနှင့် ပတ်သက်သောကိစ္စများနှင့် ပတ်သက်၍ အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လာရောက်သော အရေးပေါ်ကုသမှု လိုအပ်သော လူနာများကို အချိန်နှင့်တစ်ပြေးညီ အလျှင်အမြန် ကုသမှုရရှိစေရေးကိစ္စများနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး ဒေါက်တာသာထွန်းကျော်နှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာအေးကိုကိုတို့နှင့်အတူ အရေးပေါ်ကုသဌာနဌ၌ လက်တွေ့လုပ်ဆောင်လျက်ရှိသည်များကို သုံးသပ်၍ ကျွမ်းကျင်မှုဆိုင်ရာ ရှုထောင့်မှ အကြံပြုဆွေးနွေးလမ်းညွှန်ခဲ့ပါသည်။ နေလုံးရောဂါဆေးကုသဆောင်တွင် တက်ရောက်ကုသမှု ခံယူနေသူများအား ကုသပေးနေမှုကို သွားရောက်ကြည့်ရှုခဲ့ပါသည်။ ဆရာဝန်များ၊ သူနာပြု များနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးမှ ဝန်ထမ်းများ အဆင်ပြေစွာ တာဝန်ထမ်းဆောင်ရန် အတွက် ဝန်ထမ်းအိမ်ယာများကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဆရာဝန်များနှင့် သူနာပြုများအနေဖြင့် တာဝန်ချိန်တွင် အရေးပေါ်ဆေးကုသမှု ဆေးပညာလက်စွဲစာအုပ် (Hand Book) လက်ဝယ်ထားရှိရန်၊ မိမိတို့ဝန်ထမ်းများအနေဖြင့် တာဝန်ထမ်းဆောင်ချိန် တွင် ဝတ်ဆင်ရသော ဝတ်စုံ(သို့မဟုတ်) ဂျူတီကုတ်များတွင် အမည်၊ ရာထူး ပါဝင်သော ရင်ထိုးတံဆိပ် တပ်ဆင်ထားရန်နှင့် လူနာများကို ကုသပေးရာတွင် မိမိ၏ မိသားစု၊ ဆွေမျိုးသားချင်းများကို ကုသစောင့်ရှောက်သကဲ့သို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ပြုစုကုသပေးရန် မှာကြားခဲ့ပြီး ဆက်လက်၍ ဆေးထည့်ခန်း၊ အရိုးအဆစ်ဒဏ်ရာ လူနာစောင့် ကြည့်ကုသဌာန၊ ဖျားနာလူနာစောင့်ကြည့်ကုသဌာန၊ ခွဲစိတ်ရောဂါ လူနာ အရေးပေါ်ကုသခန်း တို့ကို လှည့်လည်ကြည့်ရှုခဲ့ပြီး ကျွမ်းကျင်မှုပိုင်းဆိုင်ရာ လမ်းညွှန်မှုပေးခဲ့သည်။

ဆက်လက်ပြီးအားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူနှင့်တွေ့ဆုံခဲ့ပြီး BSc. (sports)သင်တန်း ၈၅ သင်ရိုးညွှန်းတမ်းကိစ္စ၊ သင်တန်းတွင် သင်ကြားနေသော ဆရာ / ဆရာမများကိစ္စ၊ နည်းပြများကို နိုင်ငံခြားသို့ စေလွှတ်ရန်ကိစ္စ၊ အားကစားအဖွဲ့ချုပ်များပြန်လည်ဖွဲ့စည်းမှုဆိုင်ရာကိစ္စများအားအသေးစိတ်ဆွေးနွေး၍ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ရှုထောင့်မှ လမ်းညွှန်ခဲ့ပါသည်။

ဒီဇင်ဘာလ (၁၁) ရက်နေ့၊ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူအထွေထွေ ရောဂါကုဆေးရုံကြီး၊ ဆေးရုံအုပ်ကြီး၊ သူနာပြုအုပ်ကြီး၊ တာဝန်ကျဆရာဝန်များ၊ သူနာပြုများနှင့်တွေ့ဆုံပြီး အရေးပေါ်ဌာန၊ ဆေးစတိ၊ ဆေးကုသဆောင်တို့ကို သွားရောက်၍ အရေးပေါ် ဌာနမှတစ်ဆင့် ဆေးရုံတက်ရောက်ရာတွင် ကြန့်ကြာမှုမရှိစေရေးကိစ္စ၊ အချိန်နှင့် တစ်ပြေးညီ ကုသမှုရရှိစေရေးကိစ္စ၊ ဆေးစတိတွင် ဆေးပစ္စည်းများကို စနစ်တကျထားရှိရန်ကိစ္စ၊ ဆေးကုသဆောင်၌ရှိသော လူနာများပြားနေမှုကိစ္စ၊ ဆေးရုံအညစ်အကြေးစွန့်ပစ်မှုစနစ်နှင့် ဆေးရုံပတ်ဝန်းကျင်သန့်ရှင်းရေးကိစ္စရပ်များကို အသေးစိတ်ညှိနှိုင်း၍ ကျွမ်းကျင်မှုဆိုင်ရာရှုထောင့်မှ လမ်းညွှန်ခဲ့ပါသည်။